☐改編自：________________

■自編

111 年新北市各級學校東南亞語文競賽

團體朗讀文稿 緬甸 語 國高中職 組 B-2

# ရေကူးကန်သို့ သွားရောက်ရေကစားခြင်း

A: စနေနေ့၊ နှစ်ဝက်စာမေးပွဲပြီးပြီ၊ အားကစား အတူတူ သွားလုပ်ကြမလား။

B: ဒီနေ့ ရာသီဥတု တော်တော်ပူတယ်၊ ရေသွားကူးရင် ကောင်းမယ်။

C: ငါကတော့ ဘတ်စကက်ဘော ကစားတာ အကောင်းဆုံးလို့ ထင်တယ်၊ ရာသီဥတု ပူပြင်းတယ်၊ ငါတို့ မနက်ခြောက်နာရီခွဲကျရင် အားကစား သွားလုပ်ကြရအောင်။

B: ဒါပေမဲ့ ငါကညဥ့် နက်မှ အိပ်တဲ့အကျင့်ရှိပြီး ၊ မနက်ကျရင်လည်း အိပ်ရာထ ပျင်းတယ်။

A: ငါ မနက်ပိုင်းအချိန်မှာ စာဖတ်ချင်တယ်။ မွန်းလွဲမှ ရေသွားကူးမယ်။

C: ကောင်းပြီ။ ငါတို့ အတူတူသွားကြမယ်။

AB: ကောင်းလိုက်တာ။ သောက်ရေယူလာဖို့ မမေ့နဲ့နော်။

C: ဟုတ်တယ်။ နေက တအားပူပြင်းလွန်းလို့ အပူမရှပ်အောင် ရေများများသောက်ဖို့ လိုအပ်တယ်။

B: ငါ စိတ်လှုပ်ရှားစရာကောင်းတဲ့ ရေလျှောအမြင့်လျှောစီး ကစားတာကို အကြိုက်ဆုံးပဲ။

A: ငါလည်း ကြိုက်တယ်၊ ဒါပေမယ့်စိတ်ထဲမှာတော့ ကြောက်လန့်နေတယ်။

C: စိတ်လှုပ်ရှားပြီး ပျော်စရာကောင်းပေမဲ့ အန္တရာယ်ကိုတော့ သတိထားရမယ်၊
အသက်ကယ်ဝန်ထမ်းရဲ့ ညွှန်ကြားမှုကို နာခံရမယ်။

AB: နင် အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ်၊ ငါတို့ သတိထားပါ့မယ်။

C: ဒါဆိုရင် စနေနေ့ နေ့လယ်ကျရင် ရေကူးကန်မှာ တွေ့ကြမယ်။